ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

National Community Driven Development Project

**လူထုဗဟိုပြုစီမံကိန်း**

အင်္ဂပူမြို့နယ် ၊ ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်



ပိန္နဲကွင်းကျေးရွာအုပ်စု၊ ကညင်ငူကျေးရွာ
၂၀၁၈/၁၉-ခုနှစ်

# မာတိကာ


အကြောင်းအရာ                                                စာမျက်နှာ

၁။အင်္ဂပူမြို့နယ် အခြေပြမြေပုံ..........................................................၂

၂။ပိန္နဲကွင်းကျေးရွာအုပ်စုအခြေပြမြေပုံ..........................................................၃

၃။ပိန္နဲကွင်းကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း..........................................................၃

၄။ကျေးရွာသမိုင်းကြောင်း နှင့် ကျေးရွာအခြေခံအချက်အလက်များ

    ၄.၁။ ကျေးရွာသမိုင်းကြောင်း .......................................................... ၄

    ၄.၂။ အိမ်ထောင်စု လူဦးရေ အမျိုးသား အမျိုးသမီး..........................................................၄

    ၄.၃။ တိုင်းရင်းသားလူမျိုးစုဦးရေ..........................................................၄

    ၄.၄။ ထိခိုက်လွယ်သော မိသားစုအရေအတွက်..........................................................၄

    ၄.၅။ ကျေးရွာတွင်းရှိအထောက်ပံ့ရရှိနိုင်သောအဆောက်အအုံများ ..........................................................၄

    ၄.၆ ။ ကျေးရွာသူ/သားများ၏ အဓိကစီးပွါးရေးလုပ်ငန်းများ .......................................................... ၄

    ၄.၇။ ကျေးရွာတွင်းပိုင်ဆိုင်မှု၊ မြေယာဧရိယာနှင့် သဘာဝသယံဇာတများ ..........................................................၄

    ၄.၈။ ကျေးရွာတွင်းအခြားသက်ဆိုင်သောသတင်းအချက်အလက်များ ..........................................................၄

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် အကျဉ်းချုပ်ဇယား ............၅

၆။ ကျေးရွာဖွံဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသောPRA TOOL တစ်ခုချင်းစီ၏ သုံးသပ်ချက်များ

    ၆.၁။ ကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (Social and Resource Map) ....................၆-၇

    ၆.၂။ ရာသီခွင်ပြ-ပြက္ခဒိန် (Seasonal Calender) ..........................................................၈-၉

    ၆.၃။ ဉစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း (Wealth Ranking)..................................၁၀-၁၁

    ၆.၄။ ကျား-မပင့်ကူအိမ်သုံးသပ်ခြင်း (Spider Diagram) ..........................................၁၂-၁၃

    ၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping) ..........................................................၁၄-၁၅

    ၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှုဇယား (Venn Diagram) ..........................................၁၆-၁၇

၇။ ကော်မတီများရွေးချယ်ခြင်းနှင့်ကျေးရွာဖွံဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံ ................၁၈

၈။ ကျေးရွာကော်မတီဝင်များစာရင်း ..........................................................၁၉

၉။ ကျေးရွာအခြေခံအချက်အလက် ပုံစံ စ-၁ (PC-1) ..........................................................၂၀-၂၁-၂၂

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား ပုံစံ စ-၂(PC-2) ..........................................................၂၃

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ပုံစံ စ-၃ (PC-3) ..........................................................၂၄-၂၅-၂၆

၁၂။ ကျေးရွာပထမအကြိမ် အစည်းအဝေးမှတ်တမ်း ..........................................................၂၇-၂၈


၁၃။ ကျေးရွာဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်း ..........................................................၂၉-၃၀

၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ .......................................................... ၃၁


၁၅။ LIFT ၏နည်းပညာအကူအညီဖြင့် (၂၀၁၆)ခုနှစ်တွင် ရေးဆွဲထားသောအချက်အလက်အား.....၃၂-၃၃

ကိုးကားအသုံးပြုထားပါသည်။

၁။အင်္ဂပူမြို့နယ် အခြေအနေပြမြေပုံ



၂။ ပိန္နဲကွင်း ကျေးရွာအုပ်စုအခြေပြမြေပုံ



၃။ ပိန္နဲကွင်း ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု | ကျား | မ | လူဦးရေစုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ပိန္နဲကွင်း | ၄၁၄ | ၈၈၂ | ၁၀၂၆ | ၁၉၀၈ |
| ၂။ | တောင်ဇင်း | ၁၁၀ | ၂၁၄ | ၂၁၈ | ၄၃၂ |
| ၃။ | ကညင်ငူ | ၉၀ | ၁၂၉ | ၁၆၂ | ၂၉၃ |
| ၄။ | ကုန်းကြီး | ၁၁၇ | ၂၂၅ | ၂၃၅ | ၄၆၀ |
| ၅။ | ကျောင်းကုန်း | ၃၄ | ၈၆ | ၉၉ | ၁၈၅ |
| ၆။ | သဘော့ | ၅၇ | ၁၃၀ | ၁၄၈ | ၂၇၅ |
| ၇။ | ပဒပ်ကုန်း | ၁၃၈ | ၂၂၂ | ၂၅၁ | ၅၀၅ |
| ၈။ | တံတားဦး | ၉ | ၂၆ | ၂၇ | ၅၃ |
| ၉။ | ဝွက်ကြီး | ၃၆ | ၆၂ | ၆၉ | ၁၃၁ |
| ၁၀။ | ဇလုပ်မ | ၄၂ | ၇၆ | ၇၉ | ၁၅၅ |
| ၁၁။ | သမ္ဘရာကုန်း | ၁၀၄ | ၁၆၈ | ၁၈၈ | ၃၅၆ |
| ၁၂။ | ချင်းကုန်းကြီး | ၆၄ | ၁၀၉ | ၁၀၇ | ၂၁၆ |
| ၁၃။ | ခြင်ကိုက်ကွင်း | ၁၂၂ | ၃၂၃ | ၄၆၄ | ၇၈၇ |
| ၁၄။ | သရက်ကုန်း | ၆၈ | ၉၃ | ၁၀၂ | ၁၉၅ |
| ၁၅။ | စပါယ်မြောင် | ၁၂ | ၃၀ | ၂၇ | ၅၇ |

## ၄။ကျေးရွာသမိုင်းကြောင်း နှင့် ကျေးရွာအခြေခံအချက်အလက်များ

### ၄.၁။ ကျေးရွာသမိုင်းကြောင်း

ကညင်ငူကျေးရွာသည် ကညင်ပင်ပေါ်များသောကြောင့်ကညင်ငူဟုခေါ် ဆိုခြင်းဖြစ်ပါသည်။ကညင်ငူကျေးရွာကိုလွန်ခဲ့သောနှစ်ပေါင်း ၁၅ဝကျော်လောက်ကအိမ်ခြေတအိမ်နှစ်အိမ်ဖြင့်စတင်တည်ထောင်ခဲ့ပါသည်။ ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းနှင့်စေတီရှိပါသည်။

### ၄.၂။ အိမ်ထောင်စုလူဦးရေ အမျိုးသား၊အမျိုးသမီး

အိမ်ထောင်စု( ၉ဂ)စု၊ အမျိုးသား (၁၂၉)ဦး ၊အမျိုးသမီး(၁၆၂)ဦးရှိပါသည်။အားလုံးဗုဒ္ဓဘာသာ ကိုးကွယ် ကြပါသည်။

### ၄.၃။ တိုင်းရင်းသားလူမျိုးစုဦးရေ

ကညင်ငူ ကျေးရွာတွင်တိုင်းရင်းသားများမရှိပါ။

### ၄.၄။ ထိခိုက်လွယ်သောမိသားစုအရေအတွက်

ကျေးရွာတွင်သက်ကြီးရွယ်အို(၆၅)နှင့်အထက်(၁ဂ)ဦးရှိပါသည်။ မသန်စွမ်း (၄)ဦးရှိပါသည်။

### ၄.၅။ ကျေးရွာတွင်းအထောက်ပံ့ရရှိနိုင်သော အဆောက်အအုံများ

ကညင်ငူကျေးရွာတွင် အဆောက်အအုံအနေဖြင့် ဘုန်းကြီးကျောင်း၊စေတီ၊ မူလတန်းကျောင်း တို့ ရှိပါသည်။

### ၄.၆။ ကျေးရွာသူ/သားများ၏ အဓိက စီးပွားရေးလုပ်ငန်းများ

ရွာသူ/ရွာသားများ၏ အဓိက စီးပွားရေးမှာ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ၊တောင်ယာလုပ်ငန်း ၊အရောင်းအဝယ်လုပ်ငန်း စသည်တို့လုပ်ကိုင်ပါသည်။

### ၄.၇။ ကျေးရွာတွင်းပိုင်ဆိုင်မှုမြေယာဧရိယာနှင့် သဘာဝသယံဇာတများ

ဈေးဆိုင်၊မွေးမြူရေးတိရစ္ဆာန်နွား၊ဝက်၊ကြက်၊လယ်ယာ၊စက်ဘီး၊ ဝွန်ဒေါင်း ၊လှည်း၊အပ်ချုပ်စက် ၊ရေစုတ်စက်၊ ဆေးခန်း၊ဆိုင်ကယ်၊TV၊ ဖုန်း တို့ရှိပါသည်။

### ၄.၈။ ကျေးရွာတွင်းအခြားသက်ဆိုင်သော သတင်းအချက်အလက်

ရာအိမ်မှူး၊ရပ်မိရပ်ဖ၊အရံမီးသတ်၊ လူငယ်အဖွဲ့ တို့သည် ကျေးရွာအတွင်းတည်ရှိသောအဖွဲ့ဖြစ်သည်။အထွေထွေအုပ်ချုပ်ရေးအဖွဲ့၊စိုက်ပျိုးရေးဘဏ်၊သမဂါယမ အဖွဲ့ တို့ သည် ကျေးရွာအပြင်ဘက် တွင်ရှိသောအဖွဲ့များဖြစ်သည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် အကျဉ်းချုပ်ဇယား

| နေ့စွဲ | အသုံးပြုခဲ့သော PRA Tool များ | အစည်းအဝေးတွင် ပါဝင်ဆွေးနွေးသူများ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | |
| ၁၈.၇.၂၀၁၈ | လူမှုရေးနှင့် အရင်းအမြစ်ပြ မြေပုံ (Social and Resource Map) | ၁၅ | ၁၀ | ၂၅ | လယ်ယာလုပ်ငန်း၊အရင်းအမြစ်၊ တိုင်းရင်းသားလူမျိုးစု၊လူနေမှု အခြေခံ အဆောက်အအုံ။ |
| ၁၈.၇.၂၀၁၈ | ရာသီခွင်ပြ-ပြက္ခဒိန် (Seasonal Calendar) | ၁၀ | ၁၅ | ၂၅ | ရာသီဥတု၊လယ်ယာစိုက်ပျိုးရေး၊ ကျန်းမာရေး၊လမ်းပန်းဆက်သွယ်ရေး၊ ဝင်ငွေ/ထွက်ငွေ၊အစာရေစာဖူလုံမှု၊ ပွဲတော်ရက်၊အားလပ်ချိန်။ |
| ၁၈.၇.၂၀၁၈ | ဥစ္စာဓနကြွယ်ဝမှုအဆင့် (Wealth Ranking) | ၁၀ | ၁၅ | ၂၅ | နွမ်းပါးသောအိမ်ထောင်စု(၄၁)စု၊လယ် ယာမြေမရှိခြင်း၊အလုပ်အကိုင်ရှားပါးခြင်း၊ ပညာရေး။ |
| ၁၈.၇.၂၀၁၈ | ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Diagram) | ၁၀ | ၁၅ | ၂၅ | အမျိုးသမီးများ အိမ်မှုကိစ္စများတွင်သာ အချိန်ကုန်နေခြင်း၊ဝင်ငွေရလုပ်ငန်း နည်းပါးခြင်း။ |
| ၁၈.၇.၂၀၁၈ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping) | ၂၀ | ၃၀ | ၅၀ | အပ်ချုပ်စက်၊ဈေးဆိုင်ကို အမျိုးသမီး သုံးစွဲမှုများသည်။လယ်၊စက်ဘီး၊ဆိုလာ၊ ဆိုင်ကယ်၊ဖုန်း၊ကျွဲနွားများကို အမျိုးသား/ သမီးတို့က သုံးစွဲကြသည်။ |
| ၁၈.၇.၂၀၁၈ | အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram) | ၁၀ | ၁၀ | ၂၀ | ကျေးရွာတွင်း နှင့် ပြင်ပအဖွဲ့အစည်းများ သည် ၄င်းတို့၏တာဝန်အလိုက် ဩဇာ လွှမ်းမိုးမှုရှိကြသည်။ |

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသောPRA Tool တစ်ခုချင်းစီ၏ သုံးသပ်ချက်

### ၆.၁။ ကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (Social and Resource Map)

အင်္ဂပူမြို့နယ် ၊ ပိန္နဲကွင်း ကျေးရွာအုပ်စု ၊ ကညင်ငူ ကျေးရွာ



## လူမှုရေးနှင့် အရင်းမြစ်ပြမြေပုံ၏ ဆွေးနွေးခြင်း နှင့်ဆန်းစစ်ခြင်း

၁၈.၇.၂၀၁၈

ဧရာဝတီတိုင်းဒေသကြီး ၊ အင်္ဂပူမြို့နယ် ၊ ပိန္နဲကွင်း ကျေးရွာအုပ်စု

ကညင်ငူကျေးရွာ

လူမှုရေး နှင့် အရင်းမြစ်ပြမြေပုံ

ဆွေးနွေးခြင်း နှင့် ဆန်းစစ်ခြင်း

ကညင်ငူကျေးရွာသည် ပိန္နဲကွင်းကျေးရွာအုပ်စုတွင် ပါဝင်သောကျေးရွာ တစ်ရွာဖြစ်ပြီး ပုသိမ်-မုံရွာလမ်းဘေးရှိ ဆက်သွယ်ရေးလမ်းမှတစ်ဆင့် သွားရောက် ရသော ရွာဖြစ်ပါသည်။ ပုသိမ်-မုံရွာလမ်းမကြီးသည် ကညင်ငူကျေးရွာ၏ အနောက်ဘက် အရပ်တွင်ရှိပါသည်။ ရွာ၏ အရှေ့ဘက်အရပ်တွင် သဘော့၊ ကျောင်းကုန်း ၊ တံတားဦး စသည့်ကျေးရွာများရှိပါသည်။ ရွာ၏တောင်ဘက် အရပ်တွင်လည်း ကုန်းကြီးကျေးရွာနှင့် မိုးမခ အင်းတို့ရှိပါသည်။ ရွာ၏မြောက် ဘက် အရပ်တွင်လည်း အင်းများ ရှိပါသည်။


ကညင်ငူကျေးရွာသည် လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပါသည်။ ပဲ၊ ပြောင်း၊ နှမ်း စသည်တို့ကိုလည်း အနည်းငယ်စိုက်ပျိုးပါသည်။ စိုက်ပျိုးရေး တွင် စိမ့်စမ်း နှင့် မိုးရေကို အဓိကထား၍ စိုက်ပျိုးကြပါသည်။ သောက်သုံးရေ တစ်နှစ်ပတ်လုံး ကောင်းမွန်လုံလောက်မှုရှိပါသည်။ ကျေးရွာတွင် ဘုန်းတော်ကြီး ကျောင်းနှင့်စေတီလည်းရှိပြီး တစ်ရွာလုံးက ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။ ရွာတွင် သီးခြားနေထိုင်သော အုပ်စုများ မရှိပါ။ ရွာတွင်းလမ်းသည်လည်း မိုးရာသီ ကာလများတွင် သွားလာရခက်ခဲပါသည်။ ဆက်သွယ်ရေးလမ်း သည်လည်း မိုးရာသီ ကာလများတွင် သွားလာရ အလွန်ခက်ခဲပါသည်။ နွေရာသီကာလများတွင် လည်း လမ်းများသည် သဲများထူထပ်သောကြောင့် သွားလာရခက်ခဲသည်။ ရွာတွင် မူလတန်းကျောင်းလည်းရှိပါသည်။ တခြားဒေသသို့ ရွှေ့ပြောင်း၍ သွားရောက်လုပ်ကိုင် သူများလည်းရှိပါသည်။

၆.၂။ရာသီခွင်ပြ-ပြက္ခဒိန် (Seasonal Calender)

အင်္ဂပူမြို့နယ်၊ ပိန္နဲကွင်း အုပ်စု၊ ကညင်ငူကျေးရွာ၏ ရာသီခွင်ပြ-ပြက္ခဒိန်



ရာသီခွင်ပြ-ပြက္ခဒိန်၏ ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း



၁၈.၇.၂၀၁၈

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ပိန္နဲကွင်းကျေးရွာအုပ်စု

ကညင်ငူကျေးရွာ

ရာသီခွင်ပြပြက္ခဒိန်

ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကညင်ငူကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပါသည်။ နယုန်၊ ဝါဆို၊ ဝါခေါင်၊ နတ်တော်၊ ပြာသိုလများတွင် စပါးစိုက်ပျိုးကြပါသည်။ တန်ခူးလ၊ ကဆုန်လ၊ တော်သလင်းလ၊ သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလ စသည့်လများတွင် စပါးရိတ်သိမ်းကြပါသည်။ နွမ်းပါးသူများသည် ကျပန်းအလုပ်ကို လုပ်ကိုင်ကြသူများပါသည်။ ဝင်ငွေနှင့်ထွက်ငွေ အသင့်အတင့်သာ မျှတမှုရှိပါသည်။ အမျိုးသားနှင့် အမျိုးသမီး လုပ်အားခ တန်းတူမရရှိပါ။ အမျိုးသမီးများသည် အိမ်မှုကိစ္စများတွင်သာ အချိန်ကုန်နေတတ်ပြီး ဝင်ငွေရသော အလုပ်အကိုင်များတွင် ဝင်ရောက်လုပ်ကိုင်နိုင်မှုနည်းပါးသည်။ အားလပ်ချိန်အနေဖြင့် တပို့တွဲ၊ တပေါင်းလများတွင်သာ အားလပ်ချိန်ရှိပါသည်။ ကျန်လများသည် စပါးစိုက်သောရာသီနှင့် စပါးရိတ်သောရာသီများဖြစ်သောကြောင့် အားလပ်ချိန်နည်းသည်။ ပွဲတော်အနေဖြင့် တန်ခူးလတွင် သင်္ကြန်ပွဲတော်၊ သီတင်းကျွတ်လတွင် ဆွမ်းလောင်းပွဲ စသည်ပွဲများကို သာပြုလုပ်ကြပါသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် မိုးရာသီဖြစ်သော နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင် သွားလာရခက်ခဲပါသည်။ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်းလများတွင်လည်း ဘဲရူထပ်သောကြောင့် သွားလာရခက်ခဲသည်။ ကျန်းမာရေးအနေဖြင့် မိုးကာလများတွင် တုပ်ကွေးနှင့် ဖျားနာခြင်းတို့သာ ဖြစ်သည်။ လေထန်ခြင်း၊ ရေကြီးခြင်း (မြစ်ရေ)၊ မီးဘေးစသည့် သဘာဝဘေး အန္တရာယ်များလည်း ဖြစ်တတ်ပါသည်။

၆.၃။ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း (Wealth Ranking)

သဘောင့်ကျေးရွာ၏ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း

ကညင်ငူကျေးရွာ
ပိန္နဲကွင်းကျေးရွာအုပ်စု

ဥစ္စာဓနကြွယ်ဝမှုဇယား

၁၈.၇.၂၀၁၈

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| အဆင်ပြေသောအိမ်ထောင်စု | သွပ်မိုးပျဉ်ထောင်အိမ်၊ လယ် (၁၀) ဧက၊ နွား၊ လှည်း၊ ကျွဲ၊ TV၊ စလောင်း၊ ဆိုင်ကယ်၊ ကြက်/ဝက်/ဘဲ မွေးမြူရေး | ၄ | ၄.၄၄ |
| အလယ်အလတ်အဆင်ပြေသောအိမ်ထောင်စု | သွပ်မိုးထရံကာ၊ လယ် (၅) ဧကနှင့် (၁၀) ဧကကြား၊ နွား၊ ကျွဲ၊ လှည်း၊ TV၊ ဆိုင်ကယ်၊ ကြက်/ဝက်မွေးမြူရေး | ၄၅ | ၅၀ |
| နွမ်းပါးသောအိမ်ထောင်စု | ကျပန်းအလုပ်၊ စက်ဘီး၊ ကြက်/ဝက်/ဘဲ တနိုင်တပိုင်မွေးမြူရေး | ၄၁ | ၄၅.၅၅ |
| စုစုပေါင်း | | ၉၀ | ၁၀၀ |

ဆွေးနွေးသူ ကျား - ၁၀
မ - ၁၅

# ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

၁၈.၇.၂၀၁၈

ဧရာဝတီတိုင်းဒေသကြီး ၊ အင်္ဂပူမြို့နယ် ၊ ဗိန္ဒဲကွင်း ကျေးရွာအုပ်စု

ကညင်ငူကျေးရွာ


ဥစ္စာဓနကြွယ်ဝမှုဇယား

ဆွေးနွေးခြင်း နှင့် ဆန်းစစ်ခြင်း

ကညင်ငူ ကျေးရွာတွင် စီးပွားရေး အခြေအနေကွာခြားမှုကို အဆင်ပြေသော အိမ်ထောင်စု ၊ အလယ်အလတ် အဆင်ပြေသော အိမ်ထောင်စု၊ နွမ်းပါးသော အိမ်ထောင်စုဟူ၍ သတ်မှတ်ပါသည်။ ကျေးရွာတွင် နွမ်းပါးသော အိမ်ထောင်စု (၄၁) စုရှိပါသည်။ နွမ်းပါးရသည့် အကြောင်းမှာ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးပြီး ကျပန်းလုပ်ကိုင်ရခြင်း ၊ ပုံမှန်ဝင်ငွေ မရှိခြင်းတို့ကြောင့်ဖြစ်သည်။ နွမ်းပါးသူများ အတွက် လက်လုပ်လက်စားလုပ်ကိုင်ရသော သူများသောကြောင့် သူတို့၏ အားလပ်ချိန်များတွင် အစီအစဉ်များ ရေးဆွဲခြင်း၊ သူတို့တင်ပြလာသော အချက်အလက်များကို အလေးထား စဉ်းစားပေးခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ပါဝင်နိုင်မည်။ လမ်းပြုပြင်ခြင်း လုပ်ငန်းများသည် လုပ်အားခရရှိပြီး ငွေများရလာမည်။ ရွာတွင်းလမ်း၊ ဆက်သွယ်ရေးလမ်းများ ကောင်းမွန်လာပါက သွားလာရေး အဆင်ပြေလွယ်ကူပြီး စီးပွားရေး ၊ ကျန်းမာရေး၊ ပညာရေး အစစအရာရာ ပိုမိုဖွံ့ဖြိုးလာမည်။ အလုပ်အကိုင်အခွင့်အလမ်း များ ပိုမိုများပြားလာပါက စီးပွားရေး ပိုမိုအဆင်ပြေလာမည်။

၆.၄။ ကျား-မ ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Diagram)

အင်ပူမြို့နယ်၊ ကညင်ငူကျေးရွာ၏ကျား-မ ပင့်ကူအိမ်သုံးသပ်ခြင်း ကျားမ



# ပင့်ကူအိမ်သုံးသပ်ခြင်း၏ ဆွေးနွေးခြင်း နှင့်ဆန်းစစ်ခြင်း

၁၈.၇.၂၀၁၈

ဧရာဝတီတိုင်းဒေသကြီး ၊ အင်္ဂပူမြို့နယ်၊ ပိန္နဲကွင်းကျေးရွာအုပ်စု

ကညင်ငူကျေးရွာ

ပင့်ကူအိမ်သုံးသပ်ခြင်း


ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကညင်ငူကျေးရွာ၏ ပင့်ကူအိမ် သုံးသပ်ခြင်းကို သုံးသပ်ကြည့်ရာတွင် ဦးဆောင်နိုင်မှု ၊ ဆုံးဖြတ်ချက်ချနိုင်မှုတို့တွင် အမျိုးသမီးများ အားနည်းနေသည်ကို တွေ့ရပါသည်။ ဆုံးဖြတ်ချက်ချခြင်း ၊ ဦးဆောင်နိုင်မှုတို့တွင် အမျိုးသားများက အမျိုးသမီးများထက် ပိုမို အခွင့်အရေးရပါသည်။ အလုပ်အကိုင် အခွင့်အလမ်းတွင် အမျိုးသမီးများက အနည်းငယ် အခွင့်အရေး ပိုရသည်။ ရပ်ရေး / ရွာရေးကိစ္စရပ်များတွင် အမျိုးသမီးများလည်း ပါဝင်လုပ်ဆောင်ကြပါသည်။ ကျန်းမာရေး လက်လှမ်းမှီမှုတွင် အမျိုးသမီးများက လက်လှမ်းမှီမှု ပိုရှိပါသည်။ ပညာရေးလက်လှမ်းမှီမှုတွင် အမျိုးသမီးများက အနည်းငယ် အားနည်းနေသည်ကို တွေ့ရပါသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စများတွင် အပြည့်အဝ လုပ်ကိုင်နေကြရပါသည်။ အမျိုးသားများကလည်း တချို့သော အိမ်မှုကိစ္စများကို ကူညီလုပ်ကိုင်ကြသည်။ လုံခြုံမှုတွင် အမျိုးသားများကအပြည့်အဝရှိပြီး အမျိုးသမီးများ အားနည်းနေသည်ကို တွေ့ရပါသည်။

ခြုံငုံသုံးသပ်ကြည့်လျှင် အမျိုးသမီးများသည် အိမ်မှုကိစ္စများတွင်သာ အချိန်ကုန်နေတတ်ခြင်း၊ တချို့သော အမျိုးသမီးများသည် အိမ်ထဲတွင်သာ ရှိနေတတ်ခြင်း ၊ ပညာရေး အားနည်းခြင်းတို့ကြောင့် ပါဝင်ဆုံးဖြတ်ခွင့် နည်းနေတတ်သည်။ အမျိုးသမီးများကို အမျိုးသားများနှင့် တန်းတူ လက်တွဲခေါ်ယူခြင်းဖြင့် ဦးဆောင်နိုင်မှု ၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင် အခွင့်အရေးရလာပြီး အမျိုးသမီးများ၏ ဘဝအခြေအနေ ပိုမို ဖွံ့ဖြိုးလာပေမည်။

၆.၅။ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping) အင်ပူမြို့နယ်

သဘော့ ကျေးရွာ၏ပိုင်ဆိုင်မှုသုံးသပ်ခြင်း





## ပိုင်ဆိုင်မှုသုံးသပ်ခြင်း၏ ဆွေးနွေးခြင်း နှင့်ဆန်းစစ်ခြင်း

၁၈.၇.၂၀၁၈

ဧရာဝတီတိုင်းဒေသကြီး ၊ အင်္ဂပူမြို့နယ် ၊ ပိန္နဲကွင်းကျေးရွာအုပ်စု

ကညင်ငူကျေးရွာ

ပိုင်ဆိုင်မှု သုံးသပ်ခြင်း

ဆွေးနွေးခြင်း နှင့် ဆန်းစစ်ခြင်း


ကညင်ငူကျေးရွာ၏ အရင်းအမြစ် သုံးစွဲမှု နှင့် အရင်းအမြစ်ထိန်းချုပ်မှုကို သုံးသပ်ကြည့်ရာတွင် အမျိုးသမီးများ သုံးစွဲသော အရင်းအမြစ်များမှာ အပ်ချုပ်စက် ၊ ဝက်/ကြက်မွေးမြူရေး နှင့် ဈေးရောင်းခြင်းတို့ ဖြစ်ပါသည်။ အမျိုးသားများ အသုံးပြုသော အရင်းအမြစ်များမှာ နွားလှည်း ၊ ကျွဲ ၊ နွား နှင့် ရေစုပ်စက်တို့ ဖြစ်ပါသည်။ နှစ်ဦးစလုံး အသုံးပြုသော အရင်းအမြစ်များမှာ ဖိုက်ဘာစလောင်း ၊ လယ် ၊ TV ၊ အင်းအိုင် ၊ ရေဒီယို ၊ တောင်ယာ ၊ ဖုန်း ၊ မော်တော်ဆိုင်ကယ် ၊ ပိုင်ယက်ခြင်း ၊ စက်ဘီး စသည်တို့ ဖြစ်ပါသည်။

အပ်ချုပ်စက် ၊ ဈေးရောင်းခြင်း နှင့် ပိုင်ယက်ခြင်းတို့ကို အမျိုးသမီးများ ကိုယ်တိုင်ထိန်းချုပ်ပါသည်။ ရေစုပ်စက် နှင့် အင်းအိုင်တို့ကို အမျိုးသားများ ကိုယ်တိုင်ထိန်းချုပ်ပါသည်။ နွားလှည်း ၊ စလောင်း ၊ ကျွဲ ၊ နွား၊လယ် ၊ စက်ဘီး၊ ဝက်/ကြက်မွေးမြူရေး၊ တောင်ယာ ၊ ဖုန်း၊ TV ၊ ရေဒီယို ၊ မော်တော်ဆိုင်ကယ် စသည်တို့ကို နှစ်ဦးစလုံး ထိန်းချုပ်ပါသည်။

အရင်းအမြစ် အများစုကို အမျိုးသား ၊ အမျိုးသမီး နှစ်ဦးစလုံး သုံးစွဲခြင်း ၊ ထိန်းချုပ်ခြင်းတို့ကို အတူပြုလုပ်ကြသည်။ အမျိုးသားနှင့်အမျိုးသမီး တန်းတူ ဆွေးနွေးခြင်းဖြင့် အရင်းအမြစ်များအား တန်းတူ ပိုင်ဆိုင်နိုင်ကြောင်း၊ ထိန်းချုပ်နိုင်ကြောင်း သိရှိနိုင်သည်။

၆.၆။အဖွဲ့အစည်းချိတ်ဆက်မှုဇယား (Venn Diagram)

အင်ပူမြို့နယ်၊ ကညင်ငူ ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုဇယား



## အဖွဲ့အစည်းချိတ်ဆက်မှုဇယား၏ ဆွေးနွေးခြင်း နှင့်ဆန်းစစ်ခြင်း

၁၈.၇.၂၀၁၈

ဧရာဝတီတိုင်းဒေသကြီး ၊ အင်္ဂပူမြို့နယ် ၊ ပိန္နဲကွင်း ကျေးရွာအုပ်စု

ကညင်ငူကျေးရွာ

အဖွဲ့အစည်းချိတ်ဆက်မှု

ဇယားပုံစံ

ဆွေးနွေးခြင်း နှင့် ဆန်းစစ်ခြင်း

ကညင်ငူကျေးရွာတွင်းရှိ အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ လူငယ်အဖွဲ့ ၊ သမအဖွဲ့ နှင့် အရံမီးသတ်အဖွဲ့တို့ဖြစ်ပါသည်။ ကျေးရွာတွင် အုပ်ချုပ်ရေး အဖွဲ့သည် ကျေးရွာတွင်း အဖွဲ့များနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များတွင် အဓိကဦးဆောင်သည်။ ဂေါပကအဖွဲ့သည် ဘာသာရေး နှင့် သက်ဆိုင်သော ကိစ္စရပ်များတွင် ဦးဆောင်သည်။ လူငယ်အဖွဲ့သည် အမျိုးသားအဖွဲ့နှင့် အမျိုးသမီးအဖွဲ့ အတူပူးပေါင်း၍ ရွာ၏ သာရေး၊ နာရေး ကိစ္စရပ်များကို ဆောင်ရွက်ကြပါသည်။ လူငယ်အဖွဲ့သည် အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်မှုရှိပါသည်။ သမအဖွဲ့သည် ချေးငွေကိစ္စများတွင် ပါဝင်လုပ်ဆောင်ကြပြီး မြို့နယ်သမအဖွဲ့နှင့် ချိတ်ဆက်မှုရှိပါသည်။ အရံမီးသတ်အဖွဲ့သည် အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်မှုရှိပါသည်။ မြို့နယ်မီးသတ်အဖွဲ့နှင့်လည်း ချိတ်ဆက်မှုရှိပါသည်။ သမအဖွဲ့သည် မြို့နယ်သမအဖွဲ့နှင့် ချိတ်ဆက်မှုရှိသည်။ အုပ်ချုပ်ရေးအဖွဲ့သည် မြို့နယ်ထွေ/အုပ်အဖွဲ့နှင့် ချိတ်ဆက်မှုရှိသည်။

၇။ ကော်မတီများရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံ






၈။ ကျေးရွာကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား | မ | ရာထူး/တာဝန် |
|---|---|---|---|---|
| ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ | | | | |
| ၁။ | ဦးနိုင်ဝင်း | ✓ | | ဥက္ကဋ္ဌ |
| ၂။ | ဒေါ်ကြည်ကြည်လင်း | | ✓ | ဥက္ကဋ္ဌ |
| ဝယ်ယူရေးဆပ်ကော်မတီ | | | | |
| ၁။ | ဒေါ်ဆင့် | | ✓ | ခေါင်းဆောင် |
| ၂။ | ဦးစိန်မြင့် | ✓ | | အဖွဲ့ဝင် |
| ၃။ | ဒေါ်မြသန်း | | ✓ | ။ |
| ကျေးရွာငွေစာရင်းကိုင် | | | | |
| ၁။ | ဦးလှိုင် | ✓ | | တာဝန်ခံ |
| စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | | | | |
| ၁။ | ဦးတက်မြင့် | ✓ | | ခေါင်းဆောင် |
| ၂။ | ဒေါ်မြင့်စန်းသူ | | ✓ | အဖွဲ့ဝင် |
| | | | | |
| လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | | | | |
| ၁။ | ဦးထွန်း | ✓ | | ခေါင်းဆောင် |
| ၂။ | ဒေါ်ဝင်း | | ✓ | အဖွဲ့ဝင် |
| | | | | |
| အကြံပြုတိုင်ကြားရေးတာဝန်ခံ | | | | |
| ၁။ | ဦးသန်းဇော် | ✓ | | တာဝန်ခံ |
| ၂။ | ဒေါ်သန်းသန်း | | ✓ | တာဝန်ခံ |
| ကျေးရွာစေတနာ့ဝန်ထမ်း | | | | |
| ၁။ | ဦးကျော်ထွန်းအောင် | ✓ | | အကူ |
| ၂။ | ဒေါ်သင်းသင်းနိုင် | | ✓ | အကူ |

၉။ကျေးရွာအခြေခံအချက်အလက် ပုံစံ စ - ၁ (PC – 1)



ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးအောင်အောင် | ၀၉ - ၇၇၂၇၃၅၅၆၃ | ဒေါ်မြင့်မြင့်နိုင် |
| ~~ပြည်နယ်~~/တိုင်းဒေသကြီး ဧရာဝတီ မြို့နယ် - ဓနုဖြူ | ကျေးရွာအုပ်စု ဗိန္ဒကွင်း | ကျေးရွာ - ကညင်ငူ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ | ၉၀ | ဘာသာ (၁) --ဗုဒ္ဓ---- | ၉၀ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၄ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၀ | | |
| စစ်ဘေးရှောင် | — | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၂၉ | ၁၆၂ |
| လူမျိုးစု (၁)---ဗမာ | ၁၂၉ | ၁၆၂ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၇၆ | ၁၄ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| မူကြိုကျောင်း | ☐ | တိုက်နယ်ဆေးရုံ | ☐ | စေတီ | ✓ |
| မူလတန်းကျောင်း | ✓ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ✓ |
| မူလွန်ကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| အလယ်တန်းကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| လယ်လွန်ကျောင်း | ☐ | အခြား | ☐ | ဗလီ | ☐ |
| အထက်တန်းကျောင်း | ☐ | | | အခြား | ☐ |
| အခြား | ☐ | | | | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ✓ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ✓ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ✓ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် ၆ - ၃ (ဆေးကြီး [illegible]) | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)


| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ



(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၇ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် မိနစ် ၃၀ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန် မိနစ် ၃၀ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/

အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) --------------------------------

(၂) --------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်


ကျေးရွာခေါင်းဆောင် အမည် ဦးအောင်အောင်

လက်မှတ် [signature] နေ့ ၁၈.၇.၂၀၁၈

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ခင်ခင်ဦး

လက်မှတ် [signature] နေ့စွဲ ၁၈.၇.၂၀၁၈

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား ပုံစံ စ-၂(PC-2)



ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်မခင်းမခင်းနိုင် | | | |
| နေ့စွဲ ၁၈.၇.၂၀၁၈ | | စက်ဝန်းအားအမှတ်ခြစ်ပါ ✓ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ~~ပြည်နယ်~~/တိုင်း မကွေး | မြို့နယ် - ဆင်ဖြူ | ကျေးရွာအုပ်စု ဖိန္နဲကွင်း | ကျေးရွာ - ကညင်ငူ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် | လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၈.၇.၂၀၁၈ | ၁၈.၇.၂၀၁၈ | ၄၁ | ၄၁ | ၈၂ | ၈၂ | ဗမာ | ၉၀ | ၉၁% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းအစည်းအဝေး | ၂၄.၇.၂၀၁၈ | ၂၄.၇.၂၀၁၈ | ၃၀ | ၃၁ | ၆၁ | ၆၁ | ဗမာ | ၉၀ | ၆၆.၇% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ပုံစံ စ-၃ (PC-3)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်မင်းမင်းဦး |
| နေ့စွဲ - ၁၇.၇.၂၀၁၈ ; စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း - ဧရာဝတီ ; မြို့နယ်- ဖျာပုံ ; ကျေးရွာအုပ်စု ပိန္နဲကွင်း ; ကျေးရွာ - ကညင်ငူ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေးမကောင်းသဖြင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ခက်ခဲခြင်း | ၁ | လမ်းမကောင်းသဖြင့် ကျန်းမာရေး အခက်အခဲများ ရှိသည်- |
| ၂ | အားကစားကွင်းမရှိသောကြောင့် လူငယ်များ အားကစားလှုပ်ရှားမှုတွင် အခက်အခဲရှိသည်။ | ၂ | စီးပွားရေးလုပ်ငန်းထွက်လည်း လမ်းမကောင်းသဖြင့် အခက်အခဲရှိသည်- |
| ၃ | [illegible] | ၃ | [illegible] |
| ၄ | [illegible] | ၄ | [illegible] |
| ၅ | [illegible] | ၅ | ရေနုတ်မြောင်းမရှိ၍ [illegible] လယ်များ ပျက်စီးမှုရှိသည် |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါက လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အဆင်ပြေလာမည် | ၁ | ဆက်သွယ်ရေးလမ်းကို ကျောက်ချောလမ်းအဖြစ်မြင်ချင်သည်- |
| ၂ | အားကစားကွင်းရရှိပါက လူငယ်များ အားကစား [illegible] | ၂ | ရွာလမ်းကို ကွန်ကရစ်လမ်းအဖြစ်မြင်ချင်သည်- |
| ၃ | [illegible] | ၃ | [illegible] |
| ၄ | [illegible] | ၄ | ရေနုတ်မြောင်း [illegible] လယ်ယာပျက်စီးမှု လျော့ကျလာမည်- |
| ၅ | [illegible] | ၅ | ဆေးပေးခန်း [illegible] ကျန်းမာရေးအတွက် အဆင်ပြေလာမည်- |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကျောက်ချောလမ်း (ဆက်သွယ်ရေးလမ်း) | ကျ+မ | 70,000,000 | ၂၀၁၉ |
| ၂ | ရွာတွင်းကွန်ကရစ်လမ်း | မ | 24000000 | ၂၀၁၉ |
| ၃ | အင်္ဂလိုဖိုး | ကျ+မ | ၇000000 | ၂၀၁၉ |
| ၄ | ဆေးပေးခန်း | ကျ+မ | 10,000,000 | ၂၀၁၉ |
| ၅ | အားကစားကွင်း | ကျ | ၂,၅00,000 | ၂၀၁၉ |
| ၆ | ဘုရားပြည်တိုက် | ကျ | ၇,၅00,000 | ၂၀၁၉ |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။


| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အသင်းတာဝန် |
|---|---|---|---|
| ၁ | ချေးငွေစီမံကိန်း | ကျား + မ | ဦးမြသား ရေးကော္ |
| ၂ | အသက်မွေးဝမ်းကျောင်းပညာ | ကျား + မ | အကျေးလက်ဦးဦး ကော္ |
| ၃ | စိုက်ပျိုးရေးနည်းပညာ | အမျိုးသမီး | စိုက်ပျိုးရေးကော္ |
| ၄ | အလုပ်အကိုင်အခွင့်အလမ်း | အမျိုးသမီး | ဗိုလ်ဝတ်ရေးကော္ |
| ၅ | မွေးမြူရေး | အမျိုးသမီး | မွေးမြူရေးကော္ |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦး နိုင်ဝင်း လက်မှတ် [signature] နေ့စွဲ ၁၉ . ၇ . ၂၀၁၈

ဒေါ်ကြည်ကြည်လင်း Kyikyilin

၁၂။ ကျေးရွာပထမအကြိမ် အစည်းအဝေးမှတ်တမ်း



ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ဖိုးခွဲကွင်း အုပ်စု ကညင်ငူကျေးရွာ

လူထုဗဟိုပြုဖွံ့ဖြိုးမှုစီမံကိန်း

ပထမ အကြိမ် ကျေးရွာ အစည်းအဝေးမှတ်တမ်း

နေ့စွဲ ၁၈.၇.၂၀၁၈

အချိန် - နံနက် ၁၀ နာရီ

နေရာ - ဘုန်းတော်ကြီးကျောင်း

ရည်ရွယ်ချက်

① လူထုဗဟိုပြုဖွံ့ဖြိုးမှုစီမံကိန်း ၏ ရည်ရွယ်ချက်များနှင့် ကျေးရွာဖွံ့ဖြိုးရေးအခြေခံသဘော တရားများ နားလည်စေရန်

② လူထုဗဟိုပြုဖွံ့ဖြိုးမှုစီမံကိန်းအကြောင်း အသေးစိတ်သိရှိစေရန်နှင့် တက်ကြွစွာပူးပေါင်းပါဝင်စေရန်

③ စီမံကိန်းစက်ဝန်း၊ လုပ်ထုံးလုပ်နည်း၊ ဘေးကင်းရေးကာကွယ်မှုနှင့် ဝေဖန်အကြံပြု တိုင်ကြားဖြေရှင်းရေး စနစ်အား နားလည်စေရန်

④ ပူးပေါင်းပါဝင်ခြင်း၊ ကျေးရွာတာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်း ရွေးချယ် ဖွဲ့စည်းနိုင်ရန်

အစည်းအဝေးတက်ရောက်သူ ။ ကျား (၄၁) ဦး၊ မ (၄၁) ဦးတို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးကို အစီအစဉ် (၅) ရပ်ဖြင့် ပြုလုပ်ကျင်းပခဲ့ပါသည်။

① အစည်းအဝေး ခေါင်းဆောင်မှ ဖွင့်ပြောကြားခြင်း

② ကျေးရွာ အုပ်ချုပ်ရေးမှူး မှ အမှာစကား ပြောကြားခြင်း

③ လူထုစည်းရုံးရေးမှူး လက်ထောက် နည်းပညာ အမှုထမ်းများမှ စီမံကိန်း မိတ်ဆက်ခြင်းနှင့် စီမံကိန်း အကြောင်း အသေးစိတ်ရှင်းလင်းခြင်း

④ ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ်ခြင်း

(၇) အားလုံးပါဝင်သော လူမှုအခြေအနေတို့ ပြုလုပ်ခြင်း

အစည်းအဝေး အခမ်းအနား ဖွင့်လှစ်ပြီးနောက် ကျေးရွာလူကြီးမင်းမှ အဖွင့်အမှာစကား ပြောကြားပြီး ကျေးရွာလူထုအား အစည်းအဝေးကို လူထုအားလုံးမှ အစည်းအဝေးပြီးဆုံးအောင် တက်ရောက်ရန် အစည်းအဝေး နှင့် လူထုအား တက်ကြွစွာ ပူးပေါင်းပါဝင်ရန် လေးစားစွာ မှာကြားပြောဆိုခဲ့ပါသည်။

ထို့နောက် လူထုစည်းဝေးပွဲမှ ဦးကျော်မိုးသက်မှ စီမံကိန်းလည်ပတ်မှုစက်ဝန်းဖြင့် မိတ်ဆက် (၁၅) ချက်အား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ယင်းနောက် နည်းပညာအမှုထမ်း ဦးအောင်ဇော်မှ စီမံကိန်း စက်ဝန်းအား ဆက်လက်ဆွေးနွေး ရှင်းလင်းခဲ့သည်။ ကျေးရွာမှ ဒေသခံ နာယကအဖွဲ့ ရွေးချယ်နိုင်ရန် အဓိကလိုအပ်ချက်များနှင့် အခြေခံ စံနှုန်းများကို ရှင်းလင်းပြီး ကျေးရွာမှ အမျိုးသား၊ အမျိုးသမီး (၃) ဦးစီ အသုံးပြု၍ မဲပေးစနစ်ဖြင့် ရွေးချယ်တင်မြှောက်ခဲ့ကြပါသည်။


နေ့လယ်ပိုင်းတွင် အစည်းအဝေး ပြန်လည်စတင်၍ လူတိုင်းပါဝင်သော လူမှုဆိုင်ရာ အချက်များ ဖော်ထုတ်ရန် ကျေးရွာဖွံ့ဖြိုးရေး (VDP) အစီအစဉ် ကောက်ချက်ချက်များ ဆွေးနွေးပြီး လူထုမှ စီမံကိန်း နှင့် မဖော်ပြမီ ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ် (VDP) အဆင့် မဖော်ပြမီ ဖြစ်သောကြောင့် အဆင့်ဆင့် ပူးပေါင်း၍ အဆင့် ပြန်လည် မဖော်ပြမီ ဖြစ်သောကြောင့် အားလုံးမှ ပူးပေါင်း၍ (PRA) များ တက်ကြွစွာ ရေးဆွဲခြင်း များကို အဖွဲ့လိုက် ကဏ္ဍအလိုက် ဆွေးနွေးခြင်းများ ပြုလုပ်ပြီး ညနေ (၄ ·၀၀) တွင် အစည်းအဝေး ပြီးဆုံးခဲ့ပါသည်။

မှတ်တမ်းတင်သူ

ဦးကျော်မိုးသက်

ရပ်ရွာ...

၁၃။ ကျေးရွာဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်း



ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ပိန္နဲကွင်းအုပ်စု ကညင်ငူကျေးရွာ
ရပ်ရွာဖွံ့ဖြိုးရေးစီမံကိန်း
ဒုတိယ အကြိမ် ကျေးရွာ အစည်းအဝေး မှတ်တမ်း

နေ့စွဲ ။ ။ ၁၉-၇-၂၀၁၈
နေရာ ။ ။ ကျေးရွာဘုန်းတော်ကြီးကျောင်း
အချိန် ။ ။ နံနက် ၁၀ နာရီ

ရည်ရွယ်ချက်

၁။ ယခုနှစ်ပါဝင်သောလုပ်ငန်းစဉ် ခံချက်များ သုံးသပ်ချက် ပြန်လည်သုံးသပ်ခြင်းနှင့် ဆွေးနွေးခြင်းများ ပြုလုပ်ရန်
၂။ ကျေးရွာ အခက်အခဲ၊ လိုအပ်ချက်များ ဖော်ထုတ်နိုင်ရန်နှင့် ဖွံ့ဖြိုးရေး အစီအစဉ်များ ဖော်ထုတ်နိုင်ရန်
၃။ ဝန်ထမ်းများ၊ အကျုံးဝင်၊ အကျုံးမဝင်နှင့် အကောက်အကျယ်များကို နားလည် သိရှိလိုက်နာစေရန်
၄။ ကျေးရွာကော်မတီများ ဖွဲ့စည်းနိုင်ရန်နှင့် တာဝန်ဝတ္တရားများ သိရှိလိုက်နာ နိုင်စေရန်

အစည်းအဝေး တက်ရောက်သူ ကျား (၃၀) ဦး၊ မ (၃၁) ဦးတို့ တက်ရောက်ခဲ့ပါသည်။

ဒုတိယ အကြိမ်ကျေးရွာ အစည်းအဝေးကို အစီအစဉ် (၅) ရပ်ဖြင့် ပြုလုပ် ပြုလုပ်ကျင်းပခဲ့ပါသည်၊

(၁) ပြန်လည်သုံးသပ်ခြင်းနှင့် ဆွေးနွေးခြင်း
(၂) အခက်အခဲနှင့် လိုအပ်ချက် အကြောင်း ဆွေးနွေး ဖော်ထုတ်ခြင်း
(၃) ဖွံ့ဖြိုးရေး ဦးစားပေး အစီအစဉ်များ ရွေးချယ်ခြင်း
(၄) ဝန်ထမ်းများ၊ အကျုံးဝင်အကျုံးမဝင်နှင့် အကောက်အကျယ်များအကြောင်း ရှင်းလင်းခြင်း
(၅) ကျေးရွာကော်မတီများ ဖွဲ့စည်းခြင်း

ကျေးရွာအစည်းအဝေး၊ အခမ်းအနား၊ အစီအစဉ် ဖွင့်လှစ်ပြီးနောက် ပထမဆုံး ကျေးရွာအစည်းအဝေးမှ လူထုဆိုင်ရာဖြစ်ခြင်းနှင့် သုံးသပ်ချက်များကို ကျေးလူထုမှ ဖြန့်ကျယ်တင်ပြခြင်းနှင့် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများကို အမျိုးသား၊ အမျိုးသမီး အဖွဲ့ခွဲ၍ ပြဿနာ အခက်အခဲများ ဖော်ထုတ်ခြင်း၊ ဖြေရှင်းချက်များ ဖော်ထုတ်ခြင်းနှင့် ရရှိလာသော ရလဒ်များကို အဖွဲ့ဖြင့် စီမံကိန်းလုပ်ငန်းခွဲများ ရွေးချယ်၍ ဦးစားပေး အစီအစဉ်များကို မဲပေးစနစ်ဖြင့် ရွေးချယ် အတည်ပြုခဲ့ပါသည်

လက်တွေ့ကျ နည်းပညာမှူး ပေါ်ထွက်လာမှု အကျုံးဝင် အကျုံးမဝင်နှင့် အကြံပြု အကြံပေးမှုများ အတည်ပြုခဲ့ပါသည်။ လူထုအစည်းအဝေးများမှ မေးခွန်းများကို ထပ်လောင်းဖြေကြားခဲ့ပါသည်။

ထို့နောက် ကော်မတီဖွဲ့စည်းပုံနှင့် ကော်မတီတာဝန်ဝတ္တရားများကို ရှင်းလင်းပြီး ကျေးရွာလူထုမှ ကော်မတီများကို တာဝန်အလိုက် အဆိုပြုကာ မဲပေးသော စနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ ကော်မတီများမှ ဆောင်ရန်၊ ရှောင်ရန်များကို လက်မှတ် ရေးထိုးခြင်းများ ပြုလုပ်ပြီး ၊အစည်းအဝေး ပိတ်သိမ်းခဲ့ပါသည်။

မှန်ကန်ကြောင်း

ဦးကျော်မိုးသက်
လူထုစည်းရုံးရေးမှူး

၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

အင်္ဂပူမြို့နယ်

----ပိန္နဲကွင်းကျေးရွာ---- အုပ်စု၊ --------ကညင်ငူ------- ကျေးရွာ

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (ကျား/မ/ကျား+မ) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ကျောက်ချောလမ်း (ဆက်သွယ်ရေး လမ်း) | ကျား+မ | အခြေခံအဆောက်အအုံ |
| ၂ | ရွာတွင်းကွန်ကရစ်လမ်း | မ | အခြေခံအဆောက်အအုံ |
| ၃ | အင်ဂျင်မီး | ကျား+မ | မီးလင်းရေး |
| ၄ | ဆေးပေးခန်း | ကျား+မ | အခြေခံအဆောက်အအုံ |
| ၅ | အားကစားကွင်း | ကျား | အားကစား |
| ၆ | စာကြည့်တိုက် | ကျား | အခြေခံအဆောက်အအုံ |
| ၇ | ချေးငွေ စီမံကိန်း | ကျား+မ | စီးပွားရေး |
| ၈ | အသက်မွေးဝမ်းကျောင်းပညာ | ကျား+မ | ကျေးလက်ဖွံ့ဖြိုး |
| ၉ | စိုက်ပျိုးရေးနည်းပညာ | မ | စိုက်ပျိုးရေး |
| ၁၀ | အလုပ်အကိုင်အခွင့်အလမ်း | မ | စားဝတ်နေရေး |
| ၁၁ | မွေးမြူရေး | မ | မွေးမြူရေး |
| ၁၂ | | | |
| ၁၃ | | | |
| ၁၄ | | | |
| ၁၅ | | | |

PRA Tools တစ်ခုချင်းစီအတွက် ကိုးကားရန်နှင့် လေ့လာရန် (၄၈)ဇယားအညွှန်း

ပိန္နဲကွင်း ကျေးရွာ၊ပိန္နဲကွင်းကျေးရွာအုပ်စု၊အင်္ဂပူမြို့နယ်

| စဉ် | အကြောင်းအရာ | ၄၈ ဇယားအညွှန်း | |
|---|---|---|---|
| | | ကိုးကားရန် | လေ့လာရန် |
| ၁။ | ကျေးရွာအခြေခံ အချက်အလက် | ၁၊၃၂၊၃၆ | ၈၊၂၂၊၂၇၊၃ဝ၊၄၂ |
| ၂။ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | -မြေပုံဟောင်း<br>၄၊၅၊၁၄၊၃၂၊၃၇၊၄ဝ၊၄၁၊၄၂<br>-သဘာဝရင်းမြစ်<br>➢ လယ်၊ဥယျာဉ်ခြံ၊စိုက်ခင်း၊ စားကျက်မြေ<br>-လယ် အဓိကစိုက်ပျိုး<br>-ရေအရင်းအမြစ်ကောင်းမွန်<br>-ရေရရှိမှု(ရေတွင်း၊ရေတံုကင်၊စက်တပ်တွင်း)<br>-ကျေးရွာလမ်းတည်ရှိမှု(ရွာတွင်းမြေသားလမ်း)<br>-တံတားရေပြွန်များကောင်းမွန်မှုမရှိ | ၈၊၁၃၊၂၇၊၃၈၊၄၄ |
| ၃။ | ဉစ္စာခနေကြွယ်ဂမှုအဆင့်သ သတ်မှတ်ခြင်း | ၆၊၁၃<br>-အဆင်ပြေ<br>➢ လယ်၁ဂကေအထက်၊တိုက်၊ပျဉ်ထောင်၊သွပ်မိုး လက်တွန်းထွန်စက်၊ထော်လာဂျီ၊ရေစက်၊ ဆိုင်ကယ်၊ဆိုလာ၊TV၊စလောင်း၊ဖုန်း၊ငွေတိုးချေး<br>-အလယ်အလတ်<br>➢ လယ်၃ကေအထက်၊ပျဉ်ထောင်၊ဝါးထရံကာ၊ သွပ်မိုး၊လက်တွန်းထွန်စက်၊ဆိုင်ကယ်၊TV၊ဖုန်း ဆိုလာ၊လယ်လုပ်ကိုင်၊အရောင်းအဝယ်<br>-နွမ်းပါး<br>➢ မြေယာမဲ့၊ဝါးအိမ်၊သက္ကယ်မိုး၊ဖုန်း၊လက်လုပ် လက်စား | ၁၆ |
| ၄။ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၄၊၁၆၊၁၉၊၃၇၊၄၃၊၄၅ | ၁၃၊၁၇၊၃၈ |

| | | | |
|---|---|---|---|
| | | -လက်တွန်းထွန်စက်၊ရေစုပ်စက်၊နွား၊ထော်လာဂျီ၊<br>ရေတွင်း၊အင်း၊TV၊ဖုန်း၊စလောင်း၊ရေဒီယို | |
| ၅။ | ရာသီခွင်ပြ ဇယား | ၉၊၁၅၊၂၄၊၃၄၊၃၇<br>-စပါးမတ်ပဲ၊ကျန်းမာရေး၊သွေးလွန်တုပ်ကွေးနှစ်စဉ်ဖြစ်၊<br>-ရေရရှိမှု၊ပြင်ပသို့သွားရောက်လုပ်ကိုင်သူများ | ၂၂၊၂၆၊၃၅ |
| ၆။ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၃၊၃၀၊၃၉၊၄၇<br>➢ အလုပ်အကိုင်အခွင့်အလမ်း<br>-လယ်ယာ၊အရောင်းအဝယ်၊တနိုင်တပိုင်ခြံလုပ်ငန်း<br>➢ ပညာတတ်မြောက်မှု<br>-မူလတန်းအထိ သင်ယူရသူများ<br>-အမျိုးသမီးဦးဆောင်နိုင်မှု<br>-အမျိုးသမီးဝင်ငွေရရှိမှု<br>-အိမ်မှုကိစ္စ | ၃၁ |
| ၇။ | ဗဲင်းပုံစံ | ၁၁၊၁၂<br>-ဂေါပက၊ကျောင်းကော်မတီ၊ရပ်မိရပ်ဖ၊တောင်သူ<br>လယ်သမား၊အရန်မီးသတ်<br>-မြို့နယ်မှ ဌာနဆိုင်ရာ အဖွဲ့များ | |
| ၈။ | ပြဿနာ၊စိန်ခေါ်မှု၊အခက်အခဲ/<br>အတားအဆီး | ဖွံ့ဖြိုးရေးကွင်းဆက်နောက်ဆက်တွဲ(၂) | |
| ၉။ | ဦးစားပေးလုပ်ငန်းရွေးချယ်ခြင်<br>ခြင်း | ကျေးရွာအလိုက်ဖော်ပြထားသောလုပ်ငန်းများကိုစိစစ်သုံးသပ်<br>ဖြည့်စွက်ခြင်း | |